တံပ်ဒွ္ဂရ်ပိုန်လောတ်ကပိုန်တအာင်း

**Palaung State Liberation Front**

**"၂၀၁၅ အထွေထွေရွေးကောက်ပွဲ တွင် အစိုးရဖွဲ့စည်းနိုင်သည့်အထိ အနိုင်ရရှိသော**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - NLD ၏ ပြည်သူအတွက်အောင်ပွဲကို လှိုက်လှဲစွာကြိုဆိုပါသည်။"**

သဘောထားထုတ်ပြန်ချက်အမှတ် (၈/၂၀၁၅)

၁၁ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၅ ခုနှစ်

၁။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အစိုးရဖွဲ့စည်းနိုင်သည်အထိ တိုင်းရင်းသားပြည်သူလူထုတို့၏ ဆန္ဒမဲကိုသိမ်းကြုံးရယူနိုင်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-NLD ၏ သမိုင်းဝင် ပြည်သူ့အောင်ပွဲကြီးအား ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A က လှိုက်လှဲစွာကြိုဆိုပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ငြိမ်းချမ်းတိုးတက်စွာအတူယှဉ်တွဲနေထိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံကို လက်တွေ့ဦးဆောင်တည်ဆောက်နိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - NLD ၏ အောင်မြင်မှုခြေလှမ်းအဖြစ် ကြိုဆိုမျှော်လင့်ပါသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-NLD ၏ ၂၀၁၅ ရွေးကောက်ပွဲကြေညာစာတမ်းတွင် ကတိပြုထားသည့် "တိုင်းရင်းသားအရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေး၊ ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးမည့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေး နှင့် လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး" ဟူသော ပြည်ထောင်စုမြန်မာနိုင်ငံအတွက်မွန်မြတ်သည့်ရည်ရွယ်ချက် ကတိကဝတ်များအတိုင်း အစိုးရတစ်ရပ်ဖွဲ့စည်းကာ အောင်မြင်စွာအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု အထူးယုံကြည်မျှော်လင့်ပါသည်။

၃။ မြန်မာ့နိုင်ငံရေးဖြေရှင်းရာတွင် အဓိကကျသည့် မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၆၀ ကျော်ကြာပြည်တွင်းစစ်မီး ကို အပြီးသပ်ငြိမ်းသတ်ပြီးစစ်မှန်သည့်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေးတွေ့ဆုံပွဲစကားဝိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-NLD ဖွဲ့စည်းမည့်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဖြေရှင်းရန် အဆင်သင့်ဖြစ်ကြောင်း မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A ၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**